ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၆) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်

## မာတိကာစဉ်


၁။ မြန်မာဒီဂျစ်တယ်စီးပွားရေးနှင့်ဒီဂျစ်တယ်ဥပဒေမူဘောင်အကြောင်း သိကောင်းစရာ။ ၂-၃

၂။ တင်သွင်း၊တင်ပို့သည့်ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate)ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း(Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်းသည့်သတင်းစဉ်။ ၄

၃။ ထိုင်းနိုင်ငံတွင် The Marriage Equality Act ပြဋ္ဌာန်းခြင်း။ ၅-၆

၄။ UNIESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြန်မာ့အတာသင်္ကြန်။ ၇-၁၀

၅။ ကနေဒါနိုင်ငံ၏အမြင့်ဆုံးတရားရုံးမှ Quebec ဒေသစီရင်စု၏ ဘာသာရေးလွှမ်းမိုးမှုမှ ကင်းဝေးစေရေးဥပဒေနှင့်စပ်လျဉ်းသည့် တင်ပြလျှောက်ထားမှုကို ကြားနာခြင်း။ ၁၁-၁၂

## မြန်မာဒီဂျစ်တယ်စီးပွားရေးနှင့်ဒီဂျစ်တယ်ဥပဒေမူဘောင်အကြောင်း သိကောင်းစရာ

မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုကဏ္ဍအသီးသီးတွင် ဒီဂျစ်တယ်အသွင်သို့ကူးပြောင်းဆောင်ရွက်ခြင်းအားဖြင့် အားလုံးပါဝင်သည့်ဒီဂျစ်တယ်စီးပွားရေးပိုပြင်စွာပေါ်ထွန်းလာစေပြီး ပြည်သူတစ်ရပ်လုံး၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်မှန်း၍ မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (Myanmar Digital Economy Roadmap 2030)အား ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ၂၀၃၀တွင် မဟာဗျူဟာမျှော်မှန်းချက်(၁)ရပ်၊ မဟာဗျူဟာ ရည်မှန်းချက်(၁)ရပ်၊ အဓိကရည်ရွယ်ချက်(၆)ခု၊ ဦးစားပေးကဏ္ဍ(၉)ခု၊ မဟာဗျူဟာမဏ္ဍိုင်(၉)ခု၊ မဟာဗျူဟာပန်းတိုင်(၂၂)ရပ်နှင့် လုပ်ငန်းစဉ်(၇၇)ခု ပါဝင်ပြီး Digital Legal Framework သည် မဟာဗျူဟာ မဏ္ဍိုင်(၉)တွင် ပါဝင်ပါသည်။

Digital Legal Framework လုပ်ငန်းစဉ်များမှာ ဒီဂျစ်တယ်စီးပွားရေးစနစ်အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်စေရန်အတွက် လိုအပ်သော ဥပဒေ၊နည်းဥပဒေနှင့်မူဝါဒများ ရေးဆွဲပြဋ္ဌာန်းရန်၊ အီလက်ထရောနစ်ကုန်သွယ်ရေးစီမံခန့်ခွဲမှုဆိုင်ရာစာရွက်စာတမ်းများကို စာရွက်စာတမ်းအသုံးပြုသည့် ကုန်သွယ်ရေးစီမံခန့်ခွဲမှုဆိုင်ရာစာရွက်စာတမ်းများအပေါ်သက်ရောက်သည့် ဥပဒေကဲ့သို့ ထပ်တူညီ လက်ခံနိုင်ရေးဆောင်ရွက်ရန်၊ ဒီဂျစ်တယ်ငွေပေးချေမှုနှင့် အီလက်ထရောနစ်ငွေတောင်းခံလွှာနှင့် သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်၊ အစီအမံ၊ စံချိန်စံညွှန်း များအား အာဆီယံဒေသတွင်းနှင့်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ ဒီဂျစ်တယ်စီးပွားရေးနှင့်အီလက်ထရောနစ် နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်းဆိုင်ရာသဘောတူညီချက်များနှင့်အညီ ရေးဆွဲပြဋ္ဌာန်းရန်၊ ဆိုက်ဘာလုံခြုံရေးနှင့်သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်၊ အစီအမံ၊ စံချိန်စံညွှန်းများအား အာဆီယံဒေသတွင်းနှင့်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ ဆိုက်ဘာလုံခြုံ ရေးဆိုင်ရာသဘောတူညီချက်များနှင့်အညီ ရေးဆွဲပြဋ္ဌာန်းရန်၊ ဒီဂျစ်တယ်စီးပွားရေးနှင့်သက်ဆိုင်သည့် ဆိုက်ဘာရာဇဝတ်မှုတားဆီးကာကွယ်ရေးဆိုင်ရာဥပဒေနှင့်မူဝါဒများ ရေးဆွဲပြဋ္ဌာန်းရန်၊ ဒီဂျစ်တယ်

ညီမျှမှုနှင့်ပါဝင်မှု၊ အချက်အလက်ဆန်းသစ်တီထွင်မှုနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များပါဝင်သော ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်၊ အစီအမံ၊ စံချိန်စံညွှန်းများရေးဆွဲပြဋ္ဌာန်းရန်၊ ပြဋ္ဌာန်းပြီး မူပိုင်ခွင့်နှင့်သက်ဆိုင်သောဥပဒေ၊ နည်းဥပဒေများကိုလိုက်နာဆောင်ရွက်မှု ပိုမိုအားကောင်းစေရေးဆောင်ရွက်ရန်၊ ဒီဂျစ်တယ်စီးပွားရေးကဏ္ဍတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာစေရန်အားပေးသည့် ဒီဂျစ်တယ်စီးပွားရေးရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမူဝါဒရေးဆွဲရန်နှင့် အချက်အလက်များကိုအသုံးပြု၍ တီထွင်ဖန်တီးမှုများဆောင်ရွက်နိုင်ရေး၊ အချက်အလက်များအားလွတ်လပ်စွာအသုံးပြုခွင့်ဆိုင်ရာ မူဝါဒများရေးဆွဲချမှတ်ရန်တို့ဖြစ်ပါသည်။

သတင်းအချက်အလက်နည်းပညာကဏ္ဍတွင် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေတို့အား ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ သို့ရာတွင်မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုကဏ္ဍအသီးသီးတွင် ဒီဂျစ်တယ်အသွင်သို့ကူးပြောင်းဆောင်ရွက်နိုင်ရန် ခိုင်မာသောဥပဒေမူဘောင်လိုအပ်ပြီး မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံပါ Digital Legal Framework လုပ်ငန်းစဉ်များအောင်မြင်ရန် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ အား အောက်ပါ Link တွင် Download ရယူ၍ ဖတ်ရှုလေ့လာနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://commerce.gov.mm/sites/default/files/MyanmarDigitalEconomyRoadmap2030_%2825-12-2024%29.pdf

**တင်သွင်း၊တင်ပို့သည့်ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate)ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်းသည့်သတင်းစဉ်**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည်** တင်သွင်း၊တင်ပို့သည့်ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate)ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate)ဖြင့် အခွန်စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည်** တင်သွင်း၊ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် ဈေးကွက်ငွေလဲလှယ်နှုန်း(Market Trading Rate) ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည့် ၂၇-၁၂-၂၀၂၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၄ ကိုပယ်ဖျက်၍ ဤအမိန့်ကြော်ငြာစာအကျိုးသက်ရောက်သည့် ၂၅-၁-၂၀၂၅ မှစ၍ တင်သွင်း၊တင်ပို့သည့်ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့်ရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rate)ကို အခြေခံသည့် အပတ်စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်စည်းကြပ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ထိုင်းနိုင်ငံတွင် The Marriage Equality Act ပြဋ္ဌာန်းခြင်း

The Marriage Equality Act ကို ထိုင်းနိုင်ငံဘုရင်က ပြီးခဲ့သည့်အောက်တိုဘာလတွင် လက်မှတ်ရေးထိုးအတည်ပြုခဲ့ပြီး အဆိုပါဥပဒေတွင် gender-neutral ဆိုသည့်စကားရပ်အစား "ယောကျ်ား"၊ "အမျိုးသမီးများ"၊ "ခင်ပွန်းများ"နှင့် "ဇနီးများ" ဟူ၍ သုံးနှုန်းဖော်ပြထားသည်ကို တွေ့ရပါသည်။ လိင်တူစုံတွဲများအနေဖြင့် တူညီသောမွေးစားခွင့်နှင့် အမွေဆက်ခံခွင့်အခွင့်အရေးများ ရရှိလာပြီဖြစ်သည့်အပြင် ကျန်းမာရေးမကောင်းသော သို့မဟုတ် မသန်မစွမ်းသော လက်တွဲဖော်အတွက် ဆေးကုသမှုဆိုင်ရာဆုံးဖြတ်ချက်များချမှတ်နိုင်သည့်အပြင် ပင်စင်လစာအပါအဝင် ငွေကြေးဆိုင်ရာများတွင်လည်း ခံစားခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါဥပဒေအာဏာတည်သည့် ၂၃-၁-၂၀၂၅ ရက်နေ့တွင် ထိုင်းသရုပ်ဆောင်ဖြစ်သူ Apiwat 'Porsch' Apiwatsayree နှင့် Sappanyoo 'Arm' Panatkool တို့ လိင်တူလက်ထပ်ခြင်းကို မှတ်ပုံတင်ခဲ့ကြပြီး ထိုင်းနိုင်ငံအလံတော်ရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးထားသည်ကိုတွေ့ကြရပါသည်။ ၎င်းတို့အပြင် စုံတွဲရာပေါင်းများစွာလည်း လိင်တူလက်ထပ်ခြင်းကို မှတ်ပုံတင်ခဲ့ကြသည်။ ဘန်ကောက်မြို့တော်အာဏာပိုင်များက လိင်တူစုံတွဲ ၁၈၀ ကို Siam Paragon shopping mall ၌ လက်ထပ်မှတ်ပုံတင်ရန် စီစဉ်ပေးခဲ့ကြောင်းလည်း တွေ့ရပါသည်။ လိင်ပြောင်းအမျိုးသမီးဖြစ်သူ တစ်ဦးကလည်း ယခုဥပဒေပြဋ္ဌာန်းခြင်းသည် ၎င်းတို့အတွက်သာမက ၎င်းတို့၏ကလေးများအတွက်ပါ အရေးပါကြောင်းနှင့် ၎င်းတို့သည်လည်း အခြားပုံမှန်မိသားစုဝင်များကဲ့သို့ မိသားစုတစ်ခုဖြစ်လာကြောင်း ပြောကြားခဲ့ပါသည်။

LGBTQ ဥပဒေနှင့် လူနေမှုအဆင့်အတန်းဆိုင်ရာအညွှန်းကိန်းမြင့်မားသည့် ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှအတွင်းတွင် လိင်တူလက်ထပ်ခြင်းကို တရားဝင်ခွင့်ပြုသည့်ပထမဆုံးနိုင်ငံဖြစ်ပါသည်။ ထိုင်ဝမ်နှင့်နီပေါနိုင်ငံများသည် လိင်တူလက်ထပ်ခြင်းကို တရားဝင်ခွင့်ပြုထားသည့် အာရှအတွင်းနိုင်ငံများဖြစ်ပြီး ထိုင်းနိုင်ငံက တတိယမြောက်နိုင်ငံဖြစ်လာပါသည်။ ပြီးခဲ့သော ၂၀၂၄ ခုနှစ် ဇွန်လက

သမိုင်းဝင်သည့်ပါလီမန်တွင်း မဲခွဲမှုပြုလုပ်ခဲ့ပြီး တစ်ခဲနက်ထောက်ခံမှုရခဲ့သော ဥပဒေတစ်ရပ်လည်း ဖြစ်ပါသည်။

အဆိုပါဥပဒေပေါ်ပေါက်လာရန်အတွက် LGBTQ အင်အားစုများက ဆယ်စုနှစ်တစ်ခုနီးပါး စည်းရုံးလှုံ့ဆော်မှုအများအပြားပြုလုပ်ခဲ့ရပြီးမှ ပေါ်ထွက်လာခြင်းလည်းဖြစ်ပါသည်။ နယ်သာလန်နိုင်ငံသည် ၂၀၀၁ ခုနှစ်ကတည်းက လိင်တူလက်ထပ်ခြင်းကိုခွင့်ပြုခဲ့သည့် ပထမဆုံးနိုင်ငံလည်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းနိုင်ငံ ၃၀ထက်မနည်းသည်လည်း လိင်တူလက်ထပ်ခြင်းကို လက်ခံမှုများရှိလာပြီလည်း ဖြစ်ပါသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ကလည်း ကျား၊မဟုတ်သည့် ဇီဝဗေဒဆိုင်ရာလိင်သတ်မှတ်ချက်ကို ကျော်လွန်ပြီး LGBT များကို အသိအမှတ်ပြုရန်လိုအပ်ကြောင်း၊ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ ဒွိစုံဖြစ်စေ ကိုယ်ပိုင်ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ ချစ်ခြင်းမေတ္တာသည် ကန့်သတ်မှုမရှိကြောင်း၊ မည်သည့်လိင်ကိုချစ်ခင်စုံမက်သည်ဖြစ်စေ ယခုဥပဒေက လူတိုင်းကိုအကာအကွယ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုဥပဒေနှင့်စပ်လျဉ်းပြီး သဘောထားစစ်တမ်းကောက်ယူရာတွင် လူထုထောက်ခံမှုအများအပြားရှိသော်လည်း ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သော ထိုင်းနိုင်ငံသည် ကွန်ဆာဗေးတစ်အယူအဆနှင့် ရှေးရိုးဆန်ဆဲဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.aljazeera.com/news/2025/1/23/jubilation-as-thailands-marriage-equality-law-comes-into-effect

## UNIESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြန်မာ့အတာသင်္ကြန်

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO)က ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage) အဖြစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် တရားဝင်သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage, ICH) အဖြစ် သတ်မှတ်ပေးရန်အတွက် ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့်ပတ်သက်သော အချက်အလက်များ၊ မြန်မာပြည်သူလူထု၏ ပြောကြားချက်များ (Communities' Statement)၊ အတာသင်္ကြန်ဆင်နွှဲမှုရိုးရာဓလေ့ဆိုင်ရာ ရုပ်သံမှတ်တမ်းဗီဒီယိုဖိုင်များပါဝင်သော အဆိုပြုစာတွဲ(Nomination File)ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီ(Committee of Intangible Cultural Heritage) သို့ ပေးပို့ကာ အဆိုပြုတင်သွင်းခဲ့ပြီး ပါရာဂွေး (Paraguay) နိုင်ငံ၊ အဆွန်စီယွန် (Asuncion) မြို့တွင် ၂-၁၂-၂၀၂၄ ရက်နေ့မှ ၇-၁၂-၂၀၂၄ ရက်နေ့အထိကျင်းပပြုလုပ်ခဲ့သော ၁၉ ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တရားဝင်သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်သည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage) ဆိုသည်မှာ ထိတွေ့ဆုပ်ကိုင်၍မရသော ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများနှင့်အဓိပ္ပာယ်များကို ဆိုလိုခြင်းဖြစ်ပြီး၊ လူ့အဖွဲ့အစည်းများနှင့်မျိုးနွယ်စုများအကြားရှင်သန်တည်ရှိနေသော သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာသက်သေများကို ခေါ်ဆိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မျိုးဆက်တစ်ခုမှမျိုးဆက်တစ်ခုထံသို့နှုတ်ဖြင့်ဖြစ်စေ၊ လက်တွေ့သင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ မှတ်တမ်းမှတ်ရာများထားရှိပေး၍ဖြစ်စေ ရှေးယခင်မှယနေ့မျက်မှောက်ကာလထိ ဆင့်ကဲဆင့်ကဲရောက်ရှိလာသော ယဉ်ကျေးမှုအမွေအနှစ်များသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။

နိုင်ငံအသီးသီးရှိ ဒြပ်မဲ့ယဉ်ကျေးမှုများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ယူနက်စကိုအဖွဲ့သည် ပြင်သစ်(France)နိုင်ငံ၊ ပါရီ(Paris)မြို့၌ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၉ရက်နေ့မှ

အောက်တိုဘာလ ၁၇ ရက်နေ့အထိကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အထွေထွေအစည်းအဝေး၌ ၂၀၀၃ခုနှစ်၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်စောင့်ရှောက်ရေးဆိုင်ရာပဋိညာဉ်စာချုပ် (2003 Convention for the Safeguarding of the Intangible Cultural Heritage)ကို ရေးဆွဲချမှတ်ခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၅ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၂၀၀၃ ကွန်ဗင်းရှင်းသတ်မှတ်ချက်အရ ဒြပ်မဲ့ယဉ်ကျေးမှုတွင် ပါးစပ်ရာဇဝင်နှင့်ဖော်ပြချက်များ၊ ဘာသာစကားများ၊ ဖျော်ဖြေတင်ဆက်မှုအနုပညာများ၊ လူမှုရေးအစဉ်အလာအလေ့အထများ၊ ရိုးရာဓလေ့များနှင့်ပွဲတော်များ၊ သဘာဝနှင့်စကြဝဠာဆိုင်ရာဗဟုသုတနှင့်ရိုးရာအစဉ်အလာဓလေ့များ၊ ရိုးရာလက်မှုပညာရပ်များပါဝင်ပါသည်။

သင်္ကြန်ဟူသောဝေါဟာရသည် သင်္ကန္တခေါ် ပါဠိဘာသာ၊ သင်္ကြန္တခေါ် သက္ကတဘာသာ မှ သက်ဆင်းလာသောဝေါဟာရဖြစ်သည်။သင်္ကန္တ၊သင်္ကြန္တဟူသည် ကူးပြောင်းခြင်းဟုအနက် အဓိပ္ပာယ်ရသည်။ တပေါင်းလတွင် မြန်မာနှစ်တစ်နှစ်ကုန်ဆုံးကာ နှစ်ဟောင်းကုန်၍ တန်ခူးလတွင် နှစ်သစ်ကြုံရသောကာလ၊ နှစ်သစ်ကူးပြောင်းသောကာလတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ မြန်မာလူမျိုးတို့၏ကျင်းပမြဲဖြစ်သော ၁၂ လရာသီပွဲတော်များတွင် သင်္ကြန်ရေသဘင်ပွဲတော်သည် အလွန်ကြီးကျယ်စည်ကားသော အမျိုးသားပွဲတော်တစ်ခုဖြစ်သည်။ နှစ်ကူးအတာသင်္ကြန်ပွဲသည် ရှေးယခင်ကာလများ၌ မိဘဆရာသမားများနှင့်သက်ကြီးဝါကြီးများကို သနပ်ခါးနံ့သာရည်များ၊ သပြေခက်ကလေးများဖြင့် ရေကန်တော့ကြသည့်အလေ့အထရှိခဲ့ကြသည်။ ပိတောက်ပန်းများပွင့်သည့်တန်ခူးလတွင်ကျင်းပသည့် အတာသင်္ကြန်ရေသဘင်ပွဲတော်ကို မြန်မာနိုင်ငံတွင် အစည်ကားဆုံးနှင့် အကြီးကျယ်ဆုံးအခမ်းနားဆုံး မြန်မာနှစ်သစ်ကူးပွဲတော်တစ်ခုအဖြစ် နှစ်စဉ်ကျင်းပလျက်ရှိသည်။ မဏ္ဍပ်များတွင် သင်္ကြန်ယိမ်းများဖြင့် လုပျိုဖြူများစည်းဝါးညီကာ လှပစွာကပြဖျော်ဖြေကြသည်။ မုန့်လုံးရေပေါ်များကျွေးခြင်းအလေ့အထမှာ ကျေးလက်မြို့ပြမကျန် ကျင့်သုံးလျက်ရှိသည်။

သင်္ကြန်ကာလတွင်း ဥပုသ်သီလဆောက်တည်ကာ တရားဘာဝနာပွားများသူများရှိသကဲ့သို့ ရေကစားသူများကလည်း ၎င်းတို့သဘာဝအလျောက် ရေပက်ခံသူ၊ ရေလောင်းရေပက်သူများနှင့် စည်ကားလှသည်။ ကိုယ်လေးလက်ဝန်နှင့်မပေါ့မပါးအမျိုးသမီးများ၊ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်ဘာသာရေးပုဂ္ဂိုလ်များ(ဘုန်းကြီး၊ ရဟန်း၊ သီလရှင်၊ ဥပုသ်သည်)ကို ရေပက်ခြင်းမှ ရှောင်ကြဉ်ကြသည်မှာ ချစ်စရာကောင်းသည့်လက်ရှိအချိန် အတာသင်္ကြန်ကာလကျင်းပပုံဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီသည် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်မှတ်ပုံတင်စာရင်း(ပထမအကြိမ်)တွင်စာရင်းဝင်သော အမွေအနှစ်များအဖြစ် ပါးစပ်ရာဇဝင်နှင့်ဖော်ပြချက်များ၊ဘာသာစကားများ ၁၀၄ ခု၊ ဖျော်ဖြေတင်ဆက်မှုအနုပညာများ ၅၀၆ ခု၊ လူမှုရေး အစဉ်အလာအလေ့အထများ၊ ရိုးရာဓလေ့များနှင့်ပွဲတော်များ ၆၅၁ ခု၊ သဘာဝနှင့် စကြာဝဠာဆိုင်ရာ ဗဟုသုတနှင့်ရိုးရာအစဉ်အလာဓလေ့များ ၁၉၉ ခုနှင့် ရိုးရာလက်မှုပညာရပ်များ ၈၂၉ ခုတို့ကို ၂၆-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀ အရ သတ်မှတ်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်မတီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး အဖွဲ့ဝင်(၁၉)ဦးပါဝင်သည့် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီကို အမိန့်ကြော်ငြာစာအမှတ်(၂၆၆/၂၀၂၁)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးအတွက် လုပ်ငန်းတာဝန်(၁၀)ခု ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust - MCHT)မှ ဦးဆောင်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှုများကိုချစ်မြတ်နိုးသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ သတင်းမီဒီယာပညာရှင်များ၏ပူးပေါင်းပါဝင်မှုဖြင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(UNESCO) သို့ အဆိုပြုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

"မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင်ပါဝင်ခြင်းအားဖြင့် ခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာတို့၏ "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"ကို ကမ္ဘာကပိုမိုသိရှိလာကာ ကမ္ဘာလှည့်ခရီးသွားများကို ပိုမိုဆွဲဆောင်လာနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်ခြင်း၊ မျိုးဆက်သစ်နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေ ပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသောဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများပိုမိုရရှိလာစေခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://burmese.voanews.com/a/7888038.html

https://www.moi.gov.mm/news/64689

https://www.mdn.gov.mm/my/mnmaaameanc

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၆) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်

## ကနေဒါနိုင်ငံ၏အမြင့်ဆုံးတရားရုံးမှ Quebec ဒေသစီရင်စု၏ဘာသာရေးလွှမ်းမိုးမှုမှကင်းဝေးစေရေး ဥပဒေနှင့်စပ်လျဉ်းသည့် တင်ပြလျှောက်ထားမှုကို ကြားနာခြင်း

ကနေဒါနိုင်ငံ၏အမြင့်ဆုံးတရားရုံးမှ Quebec ဒေသစီရင်စု၏ဥပဒေအမှတ် ၂၁၊ ဘာသာရေး လွှမ်းမိုးမှုမှကင်းဝေးစေရေးဥပဒေနှင့်စပ်လျဉ်း၍ အထင်ကရဖြစ်စေသည့် လျှောက်ထားမှုတစ်ရပ်ကို လက်ခံကြားနာမည်ဖြစ်ကြောင်း ၂၃-၁-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဘာသာရေး လွှမ်းမိုးမှုမှကင်းဝေးစေရေးဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး အစိုးရဝန်ထမ်းများအား တာဝန်ချိန်အတွင်း ဘာသာရေးဆိုင်ရာအမှတ်အသားများဝတ်ဆင်ခြင်းမှ တားမြစ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

Quebec ဒေသစီရင်စု၏ ဘာသာရေးလွှမ်းမိုးမှုမှကင်းဝေးစေရေးဥပဒေနှင့်စပ်လျဉ်း၍ ပညာရှင်များအကြား အငြင်းပွားဖွယ်ရာများဖြစ်နေကြောင်းတွေ့ရှိရပြီး အဆိုပါဥပဒေသည် ဘာသာရေး ဆိုင်ရာလူနည်းစုများအပေါ် တရားရုံး၏ထင်မြင်ယူဆချက်များမပါဘဲ အခွင့်အရေးနှင့်လွတ်လပ်ခွင့် များကိုချိုးဖောက်ခြင်းဖြစ်ကြောင်း ဝေဖန်မှုများ တွေ့ရှိရပါသည်။

ကနေဒါနိုင်ငံ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များဆိုင်ရာကြေညာစာတမ်း ပုဒ်မ ၃၃ တွင် ပါလီမန် သို့မဟုတ် ဥပဒေပြုနိုင်သည့်ဒေသစီရင်စုတစ်ရပ်သည် ၎င်းတို့၏ဥပဒေတွင် ဤကြေညာစာတမ်း၏ ပုဒ်မ ၂ သို့မဟုတ် ပုဒ်မ ၇ မှ ၁၅ တို့တွင်ပါဝင်သော ပြဋ္ဌာန်းချက်များကို ခြွင်းချက်ပြုရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းချက်တစ်ရပ်ကိုထည့်သွင်း၍ အတိအလင်းကြေညာရမည်ဖြစ်ကြောင်း ပြဋ္ဌာန်း ထားခြင်းဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက်သည် တရားရုံးတစ်ရုံးမှ ဥပဒေတစ်ရပ်သည် ကြေညာစာတမ်းပါ အခြေခံလွတ်လပ်ခွင့်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သဖြင့် တရားမဝင်ကြောင်း သတ်မှတ်ခြင်းမှကာကွယ်ပေးရန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကနေဒါနိုင်ငံ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များဆိုင်ရာ ကြေညာစာတမ်းတွင် ပုဒ်မ ၂(က)နှင့်ပုဒ်မ ၁၅ တို့သည် အဓိကကျသောပြဋ္ဌာန်းချက်များဖြစ်ပြီး ပုဒ်မ ၂(က)သည် ဘာသာရေး လွတ်လပ်ခွင့်နှင့် ပုဒ်မ ၁၅ သည် သာတူညီမျှအခွင့်အရေးကိုကာကွယ်ခြင်းတို့ကို ပြဋ္ဌာန်းထားခြင်း

ဖြစ်ကြောင်းတွေ့ရှိရပါသည်။ တရားရုံးတစ်ရုံးမှ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်သည် အကျိုးသက်ရောက်မှု မရှိကြောင်းကြေညာခြင်းမှ ကာကွယ်ပေးနိုင်သည့် ကနေဒါနိုင်ငံ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များဆိုင်ရာကြေညာစာတမ်း ပုဒ်မ ၃၃ အရ ခြွင်းချက်ပြုနိုင်သည့်စည်းကမ်းချက်ဖြင့် ယင်းဥပဒေပုဒ်မ ၂၁ ကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များဆိုင်ရာကြေညာစာတမ်းပါ ပုဒ်မ ၂(က) နှင့် ပုဒ်မ ၁၅ သည် ခြွင်းချက်ပြုထားနိုင်သည့်စည်းကမ်းချက်များဖြစ်ပြီး အစိုးရအား ယင်းအခွင့်အရေးများကို ၅ နှစ်တာ ကာလထိ ယာယီပယ်ဖျက်ခွင့်ပြုထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခုထုတ်ပြန်ခဲ့သည့် ကနေဒါနိုင်ငံ၏အမြင့်ဆုံးတရားရုံး၏ အယူခံဝင်ရောက်ခွင့်ပြုသည့် ဆုံးဖြတ်ချက်သည် ဘာသာရေးဆိုင်ရာလူနည်းစုများအတွက် သမိုင်းဝင်၍ အခြေခံကျသော အကာအကွယ်ပေးမှုများအပေါ် ဆန်းစစ်ရန်နှင့် အခြေခံလွတ်လပ်ခွင့်များကို ပယ်ဖျက်ခြင်းနှင့်လူနည်းစုတို့အပေါ် မမျှမတ ပစ်မှတ်ထားခြင်းတို့ကို ခြွင်းချက်ပြုထားနိုင်သည့်စည်းကမ်းချက်တို့ကို ကန့်သတ်ရန်အတွက် အရေးပါသည့်အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/01/supreme-court-of-canada-to-hear-challenge-to-quebec-secularism-law/

https://www.constitutuionalstudies.ca/2019/07/notwithstanding-clause-2/?print=print

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၆) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

